ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၉-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦးက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များမှာ ဦးစောမိုးမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဥ်ကိစ္စဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေးနှင့် ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးရှိပြီး၊ ယနေ့ ခွင့်ပန် ကြားသူ(၄)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ ကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က အသစ်ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာန(၂)ခုတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဒေသခံတိုင်းရင်းသားများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်၊ ခရိုင် အဆင့်၊ မြို့နယ်အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အသစ်ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၂)ခုတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဒေသခံတိုင်းရင်းသားများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ အသစ်ဖွဲ့စည်းတဲ့ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၂)ခုမှာ သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံတဲ့

ဒေသခံတိုင်းရင်းသားလူမျိုးများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၊ ခရိုင်နဲ့ မြို့နယ် အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေအရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာချက်အမှတ်(၁/၂၀၁၆)အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနအောက်မှာ (၁) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ (၂) တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့နဲ့ ဖွဲ့စည်းထားကြောင်း သိရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်ဦးစီးဌာနများကို လေ့လာကြည့်ရင် မြို့နယ်ဦးစီးမှူး ရာထူးအချို့နဲ့ အခြားအဆင့်ရာထူးများတွင် ဒေသခံဝန်ထမ်းများကို ခန့်အပ်ထားတာ တွေ့မြင်ရပါတယ်။ ပြည်နယ်အဆင့်နဲ့ ခရိုင်အဆင့်ရာထူးများမှာ ရခိုင်ပြည်နယ်ဒေသခံဝန်ထမ်းများ လွန်စွာနည်းပါးနေတာကို တွေ့မြင်နေရပါတယ်။ အခြားပြည်နယ်(၆)ခုကိုလည်း လေ့လာကြည့်ရင် ရခိုင်ပြည်နယ်နဲ့ ကွာခြားမှာမဟုတ်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူတဲ့ ဦးစီးအရာရှိ ရာထူးဝင်ပေါက်များမှာ သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူငယ်များ ဝင်ရောက်ဖြေဆိုခွင့်ရှိသော်လည်းပဲ ရွေးချယ်ခန့်အပ်မှုအပိုင်းမှာ လွန်စွာအားနည်းနေပြီး အခွင့်အလမ်းတွေ ဆုံးရှုံးနေကြရပါတယ်။ ရာထူးရွေးချယ်ခန့်ထားတာနဲ့ တိုးမြှင့်ပေးတဲ့နေရာတွေမှာ ခွဲခြားဆက်ဆံခံရခြင်း၊ တရားမျှတမှု အားနည်းခြင်း၊ တန်းတူရည်တူမရှိခြင်းတို့နဲ့ အဂတိတရား လိုက်စားခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်ခင်ဗျား။ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(စ) မှာ တိုင်းရင်းသားရေးရာဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များ ကိုဆိုသည် ဟု ဖော်ပြပါရှိပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဥပဒေပါ များပြားလှတဲ့ တိုင်းရင်းသားများရဲ့ အရေးအရာများကို လက်တွေ့အကောင်အထည်ဖော်မယ့် ပြည်သူ့ဝန်ထမ်းအရာရှိများဟာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရဲ့ ဒေသခံများဖြစ်ပါမှ မှန်ကန်တိကျစွာ တာဝန်ထမ်းဆောင်နိုင်ကြမှာဖြစ်လို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။(ညြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးနိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ၏ အသစ်ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန(၂)ခုတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော ဒေသခံတိုင်းရင်းသားများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန် ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၄-၂-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့တဲ့ တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈)အရ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၆ ရက်စွဲပါ ကြော်ငြာချက်အမှတ် (၁/၂၀၁၆) နှင့် ၂၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)တို့ဖြင့် တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာန ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ ပြည်ထောင်စု ဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန ပါရှိပြီး ဝန်ထမ်းဖွဲ့စည်းမှုမှာ အရာထမ်းရာထူး(၃၇၀)နေရာ၊ အမှုထမ်း ရာထူး(၇၆၁)နေရာ၊ စုစုပေါင်း(၁၁၃၁)နေရာဖြင့် ဖွဲ့စည်းနိုင်ရေး တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၆)က သဘောတူ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါခွင့်ပြုချက်ဖွဲ့စည်းပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနရုံးများကိုသာ ပါဝင်ပြီး ခရိုင်နဲ့ မြို့နယ်အဆင့် ဦးစီးဌာနရုံးများ ဖွဲ့စည်းရန် မပါရှိပါ။ ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်ရုံးများကို စတင်ဖွဲ့စည်းမည် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှသာလျှင် စတင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများခန့်ထားနိုင်ရေးတွင် ပြည်ထောင်စုအစိုးရဘဏ္ဍာငွေ ထပ်မံ ကုန်ကျမှုကိုလည်း သက်သာစေရန်အတွက် ပထမအဆင့်အဖြစ် အခြားဝန်ကြီးဌာနများက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုသည့် လက်ထောက် ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းများ၏ အမည်စာရင်းများ တောင်းခံခဲ့ပြီး၊ လူတွေ့စစ်ဆေး ရွေးချယ်ခဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအဆင့်အဖြစ် ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူး အဆင့်များကိုလည်း ပြောင်းရွှေ့နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် လုပ်ငန်းသဘောအရ တိုင်းရင်းသားလူမျိုး ပေါင်းစုံကို တာဝန်ပေးဆောင်ရွက်သွားလိုပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်

ဦးစီးဌာနရုံးများ ဖွင့်လှစ်တဲ့အခါမှာ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားကို ဦးစားပေးမှာဖြစ်တယ်။ အကယ်၍ ဒေသခံ ဥပမာ- ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုး၊ အထူးသဖြင့် ကျွန်တော်တို့ ဒီ တိုင်းရင်းသား ရေးရာဝန်ကြီးက လုပ်ငန်းသဘောအရဆိုရင် တိုင်းရင်းသားတွေရဲ့ စာပေ၊ စကား၊ ယဉ်ကျေးမှုသမိုင်း အစဉ်အလာတွေကို နားလည်တတ်ကျွမ်းတဲ့လူကို ပိုပြီးတော့ ကျွန်တော်တို့က လိုလားတယ်။

ဒါ့ကြောင့် ရခိုင်ပြည်နယ်မှာဆိုရင် ရခိုင်ဒေသခံလူမျိုးကို အထူးအလေးပေး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရခိုင်ဒေသ၊ ရခိုင်ပြည်နယ်မှာ မရရှိမှ သတ်မှတ်တဲ့အရည်အချင်းပြည့်ဝတဲ့လူ မရရှိတဲ့ အခါကျမှ ရန်ကုန်တိုင်းတို့လို၊ တခြားတိုင်း၊ ဧရာဝတီတိုင်းတို့လို ရခိုင်လူမျိုးကို ဦးစားပေးပြီးတော့ ကျွန်တော်တို့ ခန့်အပ်မယ်။ ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ရဲ့ နောက် တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ ဒေသခံတိုင်းရင်းသားလူမျိုးများကိုလည်း သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံသောသူများကို ဦးစားပေး စဉ်းစား တာဝန်ပေးသွားပြီး မရရှိတဲ့အခါကြမှ ကျွန်တော်တို့ တခြားတိုင်းတွေမှာရှိတဲ့ လူမျိုးကို ကျွန်တော်တို့ ဦးစားပေးမယ်။ ထိုနည်းလည်းကောင်း ကျွန်တော်တို့ရဲ့ နောင်ဖွင့်မယ့် ဝန်ကြီးဌာန မှာလည်းပဲ တိုင်းရင်းသားတွေ ပေါင်းစုံပါဝင်ရန် ကျွန်တော်တို့ဟာ ရွေးချယ်နေပါတယ်။ ဒါကြောင့် တိုင်းရင်းသားဒေသခံတွေကို အထူးအလေးထားပြီးတော့ ကျွန်တော်တို့ တိုင်းရင်းသားဒေသမှာရုံးဖွင့် တဲ့အခါကြရင် ရွေးချယ်သွားမှာဖြစ်ကြောင်း ကျွန်တော်တို့ ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦး တည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မိမိတို့မွေးဖွားရာ နေရာဒေသများမှ ဆယ်စုနှစ်များစွာ စွန့်ခွာ၍ အလုပ်အကိုင် အခွင့်အလမ်း ပေါများရာ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေနိုင်သည့်နေရာဒေသများသို့ သွားရောက်ပြောင်းရွှေ့ လုပ်ကိုင်ခဲ့ကြပြီး ယနေ့ထက်တိုင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ထားခြင်း မရှိသေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစိုးရက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရန် မည်သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က မိမိတို့မွေးဖွားရာ နေရာဒေသများမှ ဆယ်စုနှစ်များစွာ စွန့်ခွာ၍ အလုပ်အကိုင်အခွင့်အလမ်း ပေါများရာ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေနိုင်သည့်နေရာဒေသများသို့ သွားရောက် ပြောင်းရွှေ့ လုပ်ကိုင်ခဲ့ကြပြီး ယနေ့ထက်တိုင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား

စိစစ်ရေးကတ်ပြား ပြုလုပ်ထားခြင်းမရှိသေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစိုးရက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရန် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)။** ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံသားများအများစုဟာ မိမိတို့မွေးဖွားရာဒေသများကို ဆယ်စုနှစ်များစွာ စွန့်ခွာပြီးတော့မှ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေတဲ့နေရာဒေသများသို့ နှစ်ပေါင်းများစွာ သွားရောက်ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြရပြီး ယနေ့ထက်တိုင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားခြင်းမရှိသေးတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှမွေးဖွားတဲ့မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစိုးရက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရန် မည်သို့ဆောင်ရွက်ပေးမည်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အချိန် တိုးမြှင့်ပေးဖို့ လေးစားစွာဖြင့် ကြိုတင်တောင်းခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံနှင့်အဝန်း ဒေသတော်တော်များများမှာ နိုင်ငံသားများဟာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပြီးတော့မှ၊ ပုံမှန်ဝင်ငွေ ရှာဖွေရန်ခက်ခဲတဲ့ မိမိတို့ရဲ့မွေးဖွားရာဇာတိများကို စွန့်ခွာပြီးတော့မှ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့၊ စီးပွားရေးလုပ်ကိုင်ရန် အဆင်ပြေနိုင်တဲ့ ရန်ကုန်၊ မန္တလေး မြို့ကြီးများအပါအဝင် ခေတ်ပညာတတ်မြောက်ရန်မလိုဘဲ မိမိရဲ့ လုပ်အား၊ စွမ်းအားကိုအသုံးပြုပြီးတော့မှ ဝင်ငွေရရှိရန် အဆင်ပြေနိုင်တဲ့ ကျောက်စိမ်းထွက်ရှိရာဒေသတွေ၊ ပတ္တမြား၊ ရွှေ၊ ရေနံ၊ ကျောက်မီးသွေး အစရှိတဲ့ သဘာဝ တွင်းထွက်သယံဇာတများထွက်ရှိတဲ့ မြို့ပြနဲ့ အင်မတန်အလှမ်းဝေးလှပြီးတော့မှ တောတောင်များအတွင်းမှာ လုပ်ကိုင်ရမယ့်ဒေသများသို့ စွန့်ခွာပြီးတော့မှ၊ ဘဝရှင်သန်ရပ်တည်မှုအတွက် မျှော်လင့်ချက်ကြီးစွာ သွားရောက် အလုပ်လုပ်ကိုင်နေကြရတာဟာ ယခုထက်တိုင် ဖြစ်ပါတယ်။ ထိုဒေသများသို့ သွားရောက်လုပ်ကိုင်ခဲ့စဉ်ကလည်း မိမိတို့နေထိုင်ခဲ့တဲ့ဒေသများရဲ့ ကျေးရွာ/ရပ်ကွက် ဥက္ကဋ္ဌများရဲ့ ထောက်ခံစာ၊ သက်ဆိုင်ရာ ရဲစခန်းများရဲ့ ထောက်ခံချက်ဖြင့်သာ သွားရောက် အလုပ် လုပ်ကိုင် ကြတာကို တွေ့ရှိခဲ့ရပါတယ်။ ထိုပုဂ္ဂိုလ်များဟာ အကြောင်းအမျိုးမျိုးတွေကြောင့် မှတ်ပုံတင် ပြုလုပ်ထားခြင်း မရှိခဲ့ကြပါဘူး။ မိမိတို့ရောက်ရှိရာဒေသများမှာလည်း နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ဖို့ အခက်အခဲရှိတာကတစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်တတ်တာက တစ်ကြောင်း ကူညီမည့်သူ နည်းပါးခြင်း၊ ဌာနဆိုင်ရာများသို့ မသွားတတ်၊ မသွားရဲခြင်း၊ တောတောင် များမှာ အလုပ်လုပ်ကိုင်နိုင်ကြသူများအတွက် မှတ်ပုံတင် လုပ်ကိုင်ဖို့ မစဉ်းစားနိုင်ခြင်း စတဲ့ များစွာသော အကြောင်းအမျိုးမျိုးတွေကြောင့် မှတ်ပုံတင် ပြုလုပ်ထားခြင်း မရှိခဲ့ကြရပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မိမိတို့ သွားရောက်အလုပ် လုပ်ကိုင်ရာ နေရာဒေသများမှာ မိမိတို့ နေရပ်ဒေသတွေကို မပြန်ဖြစ်တော့ဘဲ လာရောက်လုပ်ကိုင်သူ အချင်းချင်းသော်လည်းကောင်း၊ ဒေသခံ အမျိုးသား၊ အမျိုးသမီး အချင်းချင်းသော်လည်းကောင်း အသီးသီးအိမ်ထောင်ရက်သား ကျပြီး တော့မှ မိသားစုဘဝကို ထူထောင်ရပ်တည်နေကြပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ မိသားစုဘဝကို ထူထောင် ရပ်တည်ခဲ့ကြပါသော်လည်း မှတ်ပုံတင်မရှိ၍ အိမ်ထောင်စုဇယားတွင် ထည့်သွင်းပါဝင်၍မရခြင်း၊ ခရီးသွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ မြို့ပြနှင့်ပတ်သက်၍ အလုပ်လုပ်ကိုင်ရန် မလွယ်ကူခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါမှာ မည်သည့်အခွင့်အရေးမှ မရရှိခြင်း၊ အထူးသဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ရခြင်း၊ မိသားစုဘဝ ထူထောင်ရာမှာ ကျေးရွာဒေသများတွင် ရပ်ရေးရွာရေး များမှာ ဦးစီးဦးဆောင် ဆောင်ရွက်ခွင့်မရခြင်း စတဲ့မိမိတို့ နိုင်ငံသားအခွင့်အရေးများစွာကို ဆုံးရှုံးနစ်နာ နေခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ရေနံမှော် အလုပ်သမားတွေ၊ ရွှေမှော်အလုပ်သမားတွေ၊ ကျောက်မီးသွေး တွင်းမှာလုပ်တဲ့ အလုပ်သမားများကို သွားရောက်တွေ့ဆုံပြီးတော့မှ ၎င်းတို့ရဲ့ ကိစ္စရပ်များကို မေးမြန်း တဲ့အခါမှာ လူ(၁၀၀)မှာ (၆၀) ကျော်ဟာလုံးဝ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိတာကို အံ့သြဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေမှာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား မရရှိသေး တာကိုတွေ့ရှိ ခဲ့ရပေမယ့်လို့ ဗမာစကားတစ်ခွန်းမှ မပြောတတ်တဲ့လူတွေ နိုင်ငံသားစိစစ်ရေးကတ်ပြား ရနေတာလည်း အင်မတန်မှ ထူးဆန်းဖွယ် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နှစ်ပေါင်းများစွာ မိမိတို့ မွေးရပ်ဇာတိများကို စွန့်ခွာပြီးတော့မှ အလုပ် အကိုင်အခွင့်အလမ်းပေါများရာ ဒေသများသို့ သွားရောက်အလုပ် လုပ်ကိုင်ကြရင်း မိမိတို့ မွေးရပ် ဇာတိမဟုတ်တဲ့ နေရာဒေသများမှာ အခြေချကာ မိသားစုဘဝ ထူထောင်နေကြတဲ့ နိုင်ငံသား စိစစ်ရေး ကတ်ပြား မပြုလုပ်ရသေးတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ မြန်မာနိုင်ငံသားစစ်စစ်များကို နိုင်ငံတော်အစိုးရမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်အမြန် ရရှိစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်အစိုးရ၏ ဒုတိယ(၅)နှစ် သက်တမ်းကာလအတွင်း အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေး၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က နိုင်ငံတော်အစိုးရ၏ ဒုတိယ(၅)နှစ် သက်တမ်းကာလအတွင်း အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေး၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာသူဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်က အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြည်တွင်း၊ ပြည်ပ ရေးရာ၊ အလုပ်သမားရေးရာ ကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းရမယ့် မေးခွန်းကတော့ နိုင်ငံတော်အစိုးရရဲ့ ဒုတိယ (၅)နှစ် သက်တမ်းကာလအတွင်းမှာ နိုင်ငံတော်ရဲ့ အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ (၅၁)သန်းကျော် ရှိတဲ့အနက် အလုပ် လုပ်နိုင်တဲ့အရွယ်ဟာ (၃၃)သန်းလောက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းဦးရေဟာ (၁.၄)သန်းခန့် ရှိပြီးမှ ကျန်တဲ့ သန်း(၃၀)ကျော်ဟာ တောင်သူလယ်သမား၊ အလုပ်သမားကြီးတွေ၊ အရောင်းအဝယ်၊ ဈေးသည်၊ လက်သမား၊ ပန်းရံ စသည်ဖြင့် ကျပန်းအလုပ်သမားများ လုပ်ကိုင်ကြရပြီးမှ ကျန်တဲ့အလုပ်လက်မဲ့တွေဟာ ပြည်တွင်းမှာသော် လည်းကောင်း၊ ပြည်ပမှာသော်လည်းကောင်း နည်းမျိုးစုံနဲ့ သွားရောက်ပြီးမှ အဆင်ပြေတဲ့လူ အဆင်ပြေသလို၊ အဆင်မပြေတဲ့လူလည်းပဲ အများအပြား ရှိပါတယ်။

ပြီးခဲ့တဲ့ အပတ်ကဆိုရင် မလေးရှားမှာ ဒုက္ခရောက်နေတဲ့ အလုပ်သမား (၄၂၀၀)ကျော်ဟာ ကျွန်တော်တို့ မြန်မာပြည်မှာ ပြန်လည်ခေါ်ဆောင်သွားခဲ့တာကိုလည်း ကျွန်တော်တို့ အားလုံး အသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အလုပ် လက်မဲ့ဦးရေ များလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းလည်းပဲ အများကြီး ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ဟာလည်းပဲ နှစ်တိုင်း နှစ်တိုင်းကို (၂)သိန်းကျော်လောက် စာမေးပွဲအောင်ပြီးမှ ဘွဲ့ရဟာလည်း (၁)သိန်းကျော်လောက် ဘွဲ့ရလာတဲ့အခါမှာ အလုပ်အကိုင်အခွင့်အလမ်းလည်းပဲ တဖြည်းဖြည်းနဲ့ အလုပ်လက်မဲ့ရာခိုင်နှုန်းက တိုးပွားလာပါတယ်။

အဲဒီတော့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ နိုင်ငံတော်အစိုးရကနေ အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင် ရပ်ကွက်နေ ဦးမနားထန်း၏ သား မောင်ထန်းကီး သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ (GIGA Engineering & Construction SDN BHD Co.,Ltd.) တွင် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသဖြင့် အဆိုပါကုမ္ပဏီမှ နစ်နာကြေးငွေ ရင်းဂစ် ၂၅၀၀၀ ထုတ်ယူရရှိရေးအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံသံရုံးတို့ ချိတ်ဆက်၍ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းက ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင် ရပ်ကွက်နေ ဦးမနားထန်း ၏ သား မောင်ထန်းကီး သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ (GIGA Engineering & Construction SDN BHD Co.,Ltd.) တွင် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသဖြင့် အဆိုပါကုမ္ပဏီမှ နစ်နာကြေးငွေ ရင်းဂစ် ၂၅၀၀၀ ထုတ်ယူရရှိရေးအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံသံရုံးတို့ ချိတ်ဆက်၍ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)**။ ။ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဦးမနားထန်း ၏ သား မောင်ထန်းကီး သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ (GIGA Engineering & Construction SDN BHD Co.,Ltd.) တွင် တာဝန်ထမ်းဆောင်စဉ် ကား Accident ဖြင့် သေဆုံးခဲ့ပါတယ်။ ၎င်းနစ်နာကြေးငွေ ရရှိရန် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှား နိုင်ငံသံရုံးတို့ ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင် ရပ်ကွက်နေ ဦးမနားထန်း ၏ သား မောင်ထန်းကီး သည် BANOA 245 AOB သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ (GIGA Engineering & Construction SDN BHD Co.,Ltd.) မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လုပ်ငန်းတာဝန် ထမ်းဆောင်စဉ်အတွင်း ကား Accident ဖြစ်ပြီးတော့မှ ၁၅-၂-၂၀၁၁ ရက်နေ့မှာ သေဆုံးခဲ့ပါတယ်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၄-၆-၂၀၁၁ နေ့စွဲပါ စာအမှတ် ၄၇/၂၀/၁/၃၁၆၅ဖြင့် နစ်နာကြေး လျှောက်ထားရန် ညွှန်ကြားလာသဖြင့် အဖေ ဖြစ်သူ ဦးမနားထန်း မှ သတ်မှတ်ပုံစံဖြင့် နစ်နာကြေး ရရှိရန် လျှောက်ထားခဲ့ပါတယ်။ မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ၂၂-၁၁-၂၀၁၁ ရက်စွဲပါ စာအမှတ် PMP ၁၀၆၀၅/၂၀၁၁/၀၀၁၄ ဖြင့် နစ်နာကြေး (၂၅၀၀၀) ရင်းဂစ် ထုတ်ယူရန် ညွှန်ကြားလာသဖြင့် သူ့အဖေ ဦးမနားထန်း သည် ထုတ်ယူရန် မလေးရှားသံရုံးသို့ (၅)ကြိမ်တိတိ သွားရောက်ခဲ့သော်လည်း ငွေမရောက်ရှိသေးကြောင်း မလေးရှားသံရုံးမှ ပြောပြသဖြင့် ယခုထိ နစ်နာကြေး မရရှိခဲ့ပါ။ သို့ဖြစ်၍ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှား နိုင်ငံသံရုံးတို့ ချိတ်ဆက်ပြီး

နစ်နာကြေးရရှိရန် ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး (၃)ဦးရဲ့ မေးမြန်းချက်များကို ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့မွေးဖွားရာ ဒေသများက ဆယ်စုနှစ်များစွာ စွန့်ခွာပြီးတော့မှ အကြောင်းမျိုးမျိုးကြောင့် အခြားဒေသသို့ ရောက်ရှိပြီးတော့မှ မှတ်ပုံတင် ဒါမှမဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ နိုင်ငံသားများ အခက်အခဲ ပြေလည်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရက်(၁၀၀)စီမံချက် ချမှတ်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရက်(၁၀၀) စီမံချက် ဆောင်ရွက်တဲ့နေရာမှာ ပုံမှန်အားဖြင့် မူလဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်ရုံးမှ ပုံစံ (၁၀) လိပ်စာပြောင်းပုံစံ ပါရှိရမှာ ဖြစ်သော်လည်းပဲ အဲဒီအချက်တွေကို ဖြေလျှော့ပြီးတော့မှ မူလဒေသမှာ အိမ်ထောင်စုစာရင်းနဲ့ နေထိုင်ခဲ့ကြောင်း သို့မဟုတ် မွေးဖွားနေထိုင်ခဲ့ကြောင်း ရုံး/ဌာနဆိုင်ရာ ဒေသအာဏာပိုင် အချင်းချင်း ချိတ်ဆက်စိစစ်ပြီးတော့မှ မှန်ကန်တယ်ဆိုလို့ရှိရင် အိမ်ထောင်စုလူဦးရေ စာရင်းနဲ့ ရသင့်တဲ့ ကတ်ပြား တစ်မျိုးမျိုးကို ထုတ်ပေးဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ဆောင်ရွက်လည်း ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

မူလဒေသမှာ အိမ်ထောင်စု လူဦးရေစာရင်းနဲ့ နေထိုင်ကြောင်း မှန်ကန်တယ်ဆိုလို့ရှိရင် လျှောက်ထားသူ ကာယကံရှင်က ကိုယ်တိုင်သွားရောက်စရာ မလိုတော့ဘဲနဲ့ သက်ဆိုင်ရာမြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီးတော့မှ မူလဒေသမှာရှိတဲ့ အိမ်ထောင်စုလူဦးရေစာရင်းကို ပယ်ဖျက်ပြီးတော့မှ လက်ရှိဒေသမှာ နေထိုင်တဲ့ အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးပြီးတော့မှ ရသင့်တဲ့ကတ်ပြားတစ်မျိုးမျိုးကို ထုတ်ပေးလျက်ရှိပါတယ်။ မူလဒေသမှာ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ အခြားဒေသတွင်လည်း အိမ်ထောင်စု လူဦးရေစာရင်း မရှိဘူးဆိုလို့ရှိရင် သက်ဆိုင်ရာ မိမိမြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်၍ မူလဒေသမွေးဖွားနေထိုင်ခဲ့တဲ့ ဒေသမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်၊ အဲဒီဒေသမှ ရပ်မိရပ်ဖ လူကြီးများရဲ့ ထောက်ခံချက်များကို တင်ပြနိုင်မယ်ဆိုလို့ရှိရင် လက်ရှိဒေသမှာ အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးပြီးတော့မှ ရသင့်တဲ့ကတ်ပြားများကို ထုတ်ပေးလျက်ရှိပါတယ်။ အဓိကအားဖြင့်တော့ မှတ်ပုံတင် မရရှိသေးတဲ့

အိမ်ထောင်စုဝင် စာရင်း မရှိသေးတဲ့ ပြည်သူများအနေနဲ့ ရုံးများနဲ့ဆက်သွယ်ပြီးတော့မှ သွားရောက်ပြီးတော့မှ လျှောက်ထားဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ အထက်ပါ လုပ်ငန်းစဉ်အတိုင်း ရက်(၁၀၀)စီမံချက်နဲ့ ဆောင်ရွက်ပေးလျက် ရှိတဲ့နေရာမှာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ အိမ်ထောင်စုဝင် စုစုပေါင်း(၁၂၇၂၆၁)စု၊ လူဦးရေ (၄၆၁၃၅၇)ဦးတို့အား စာရင်းကောက်ယူခဲ့ပြီးတော့မှ ၎င်းတို့အနက်မှ အိမ်ထောင်စု လူဦးရေစာရင်း (၁၆၁၉၂)စုနဲ့ လူဦးရေ (၄၃၆၀၀)ကျော်ကို နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးပြီးပါကြောင်းနဲ့ ဆက်လက်ပြီးတော့မှ နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိတဲ့သူများ၊ အိမ်ထောင်စုဝင်စာရင်း မရှိတဲ့ ရွှေ့ပြောင်းလုပ်သားများကိုလည်းပဲ ဆက်လက်ထုတ်ပေးသွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ရဲ့ မေးခွန်းများနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ အလုပ်လက်မဲ့ လျော့နည်းရေး၊ ပြည်သူများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေးတို့အတွက် ရည်ရွယ်ပြီးတော့မှ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားများအတွက် သင့်တော်မှန်ကန်တဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိစေဖို့ ၊ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ဖို့ အလုပ်အကိုင်ဆိုင်ရာ မူဝါဒချမှတ်ပြီးတော့မှ အလုပ်လက်မဲ့ လျော့နည်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီအလုပ်အကိုင် မူဝါဒများကတော့ သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင် အခြေအနေနဲ့ ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်း၊ အလုပ်အကိုင်တိုးပွားရေးကို အားပေးသော မက်ခရိုစီးပွားရေးမူဘောင် ချမှတ်ခြင်း၊ စွန့်စားတီထွင်သော စီးပွားရေး စွမ်းဆောင်မှုနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း၊ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးနှင့် လုပ်သားများအတွက် အခွင့်အလမ်း မြှင့်တင်ခြင်း၊ အလုပ်အကိုင်ဈေးကွက်အတွင်း ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ပတ်ဝန်းကျင် ရေးရာနှင့်လူမှုရေးရာ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကောင်းစွာအလုပ် လုပ်ကိုင်နိုင်ခြင်းနဲ့ အလုပ်အမျိုးအစား ပြောင်းလဲလုပ်ကိုင်နိုင်ခြင်းတို့ ဖြစ်ပါတယ်။ အဲဒီမူဝါဒများကို ကျွန်တော်တို့ ချမှတ်ဆောင်ရွက်လျက်ရှိ ပါတယ်။

အလားတူပဲ ဒီနှစ်မေလ ၁ ရက်နေ့မှာ ကျရောက်တဲ့ အလုပ်သမားနေ့မှာ နိုင်ငံတော်သမ္မတကြီးထံမှ ပေးပို့တဲ့ သဝဏ်လွှာမှာ ပြည်တွင်း၊ ပြည်ပတို့မှာ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ရရှိရေးနဲ့ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုဖြစ်ရေး၊ လုပ်သားထု ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးရန် လုပ်ငန်းခွင် ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေးတို့အတွက် ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်အခြေအနေများနဲ့ လိုက်လျောညီထွေမှု မရှိတဲ့ ဥပဒေများကိုလည်းပဲ ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများအတွက်လည်း သွားရောက်လုပ်ကိုင်တဲ့ နိုင်ငံရဲ့ ဥပဒေအရ ခံစားခွင့်ရှိတဲ့ အခွင့်အရေး ၊ ရပိုင်ခွင့်များကို အလုပ်သမားများ ရရှိစေဖို့ ၊ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေဖို့နဲ့ ရွှေ့ပြောင်း သွားလာ လုပ်ကိုင်

ခြင်း ဆိုင်ရာမူဝါဒများကို ချမှတ်လုပ်ကိုင်လျက်ရှိကြောင်း စသဖြင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးနေမှုများကို အသိပေး ဖော်ပြထားတာကို ကြည့်မယ်ဆိုရင် အစိုးရအဖွဲ့အနေနဲ့ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်း များ ရရှိစေရေး ၊ အလုပ်လက်မဲ့ ရာခိုင်နှုန်း လျှော့ချရေးတို့ကို ဦးစားပေးဆောင်ရွက်နေတယ်ဆိုတာ ပေါ်လွင်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ထိုင်းနိုင်ငံကို MoU စနစ်အရ အလုပ်သမားများ တရားဝင်ပို့ဆောင်ရေး လုပ်ငန်းစဥ်မှာ မမှန်မကန်ဆောင်ရွက်နေတဲ့ အလုပ်ရှင်တွေ၊ အလုပ်ရှင်ရဲ့ ကိုယ်စားလှယ်တွေ ၊ ထိုင်း Agency နဲ့ မြန်မာ Agency တို့ကိုလည်းပဲ မှန်မှန်ကန်ကန် ဆောင်ရွက်စေပြီးတော့မှ ဆောင်ရွက်ခြင်း မရှိတဲ့ ပုဂ္ဂိုလ်များကိုလည်းပဲ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ နှစ်နိုင်ငံ သတင်းအချက်အလက်များ ကျွန်တော်တို့ အပြန်အလှန် ဖလှယ်ပြီးတော့မှ အလုပ်သမားများ ပိုမိုအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး အတွက်ကို တစိုက်မတ်မတ် စီစဥ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။

အလားတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ ထိုင်းနိုင်ငံ အစိုးရ တို့ဟာ အလုပ်သမား တရားမဝင် ခန့်ထားခြင်းကြောင့် မလိုလားအပ်တဲ့ လူမှုရေးနဲ့ စီးပွားရေး အကျိုးသက်ရောက်မှုများကို လျော့နည်းပပျောက်စေရေးနဲ့ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ ၂၀၁၃ ခုနှစ်က စပြီးတော့မှ သဘောတူလက်မှတ် ရေးထိုးခဲ့ပါတယ်။ အဲဒီ အလုပ်သမားခန့်ထားခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို ခေတ်နဲ့လျော်ညီစွာနှစ်ဖက် ညှိနှိုင်းပြန်လည်ပြင်ဆင်ရေးဆွဲပြီးတော့မှ အလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်နိုင်ရေးအပိုင်း၊ အလုပ်ရှင် ပြောင်းရွှေ့လုပ်ကိုင်မှုအပိုင်း စတဲ့ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို (၂)နိုင်ငံ တာဝန်ရှိသူ များ ဒီနှစ် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာ ဘန်ကောက်မြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒါ့အပြင် ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့မှ အလုပ်အကိုင်များ ရရှိရေးအတွက် စက်ချုပ်လုပ်သားသင်တန်း ၊ အုတ်စီလုပ်သား၊ နံရံ အချောကိုင်လုပ်ငန်း၊ မော်တော်ယာဥ် မောင်းနှင်ရေးသင်တန်း၊ အချက်အပြုတ် သင်တန်း များကိုလည်းပဲ နယ်စပ်ဒေသများမှာ မြန်မာလုပ်သားများအတွက် လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ဦးဆောင်ပြီးတော့မှ အာဆီယံဒေသအတွင်း ကျွမ်းကျင်မှုအပြန်အလှန် အသိအမှတ်ပြုရေး ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံမှ ဦးဆောင်ပြီး တော့မှ အလုပ်အကိုင်(၄)မျိုး ဖြစ်တဲ့ Welding၊ Sewing Machine Operator၊ Brick Layer၊ Tiles Setting တို့နဲ့ပတ်သက်ပြီးတော့မှ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြတဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံအတွင်းမှာ ကျွမ်းကျင်မှုလက်မှတ်များကို အပြန်အလှန် အသိအမှတ်ပြုရန် ကျွမ်းကျင်မှုစံများတစ်ပြေးညီ ဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ သင်တန်းနည်းပြများအား လေ့ကျင့်ပေးခြင်းတို့အတွက် နည်းပညာ အကူအညီများပေးရန် သဘောတူခဲ့ပြီးတော့မှ အဲဒီ အလုပ်အကိုင် (၄)မျိုးအတွက် နည်းပညာ အကူအညီများ ရရှိရန် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြတဲ့ နေရာမှာ လုံခြုံစိတ်ချပြီးတော့မှ ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့နဲ့ အကျိုးခံစားခွင့်များ အပြည့်အဝ ရရှိစေဖို့အတွက်ကို ထိုင်းနိုင်ငံနဲ့ ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ကိုရီးယား သမ္မတနိုင်ငံနှင့်လည်းကောင်း၊ အလုပ်သမား စေလွှတ်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာများကို နှစ်နိုင်ငံ အစိုးရများ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ဂျပန်နိုင်ငံသို့ အလုပ်သမား စေလွှတ်မှုနဲ့ပတ်သက်ပြီးတော့မှ ၂၀၁၂ ခုနှစ်မှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း လေ့ကျင့်ဆောင်ရွက်ရေးအဖွဲ့နဲ့ ဆွေးနွေးဆောင်ရွက်ပြီးတော့မှ မြန်မာနိုင်ငံအတွင်း နှစ်နိုင်ငံ အစိုးရ အချင်းချင်း အလုပ်သမား စေလွှတ်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ စင်ကာပူနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမား အများစုဟာ Semi Skill များဖြစ်ပြီးတော့မှ Special Pass ဖြင့် အလုပ်ခေါ်ယူခြင်း ဖြစ်တဲ့အတွက် ပုံမှန် ဆောင်ရွက်မှုထက် များစွာ အချိန်ကုန်သက်သာရေး ဖြေလျှော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

လက်ရှိမြန်မာအလုပ်သမားများအား စေလွှတ်လျက်ရှိတဲ့ နိုင်ငံများကတော့ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုးရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ယူအေအီးနိုင်ငံများသို့ စေလွှတ် လျက်ရှိပြီးတော့မှ အလုပ်ခေါ်စာများကို သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးများကိုလည်းပဲ စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ရပ်ဖြစ်တဲ့ ပဉ္စမမြောက်မူဝါဒမှာ ပြည်တွင်းနေ နိုင်ငံသားများနဲ့ နိုင်ငံရပ်ခြားများမှ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေး လုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန် ဆိုတဲ့ အချက်ကို ထည့်သွင်းထား ခြင်းသည် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေး၊ အလုပ်လက်မဲ့ ရာခိုင်နှုန်း လျှော့ချရေးအတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ အလေးထားပြီးတော့မှ ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါတယ်။

ဒါ့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင်နဲ့ အလုပ်သမား ရှာဖွေရေးရုံး (၇၈)ရုံးကို ဖွဲ့စည်းပြီးတော့မှ အလုပ်သမား ခေါ်ယူလိုတဲ့ အလုပ်ရှင်များနဲ့ အလုပ်ရှာဖွေနေတဲ့ အလုပ်သမားများကို ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေဖို့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင် လိုင်စင်ရ အေဂျင်စီ (၈၈)ခုနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်လိုသော အလုပ်သမားများအတွက် စနစ်တကျနဲ့ တရားဝင် အလုပ်လုပ်ကိုင်နိုင်စေရန်အတွက် အစိုးရ၊ ပြည်ပ အလုပ်အကိုင် အေဂျင်စီ အပါအဝင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ (၂၆၀) ခု တို့ကိုလည်း အကျိုးဆောင် လိုင်စင်များ ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် အလုပ်ရှာဖွေသူ၊ အလုပ်သမားများနှင့် အလုပ်သမားရှာဖွေသူ အလုပ်ရှင် များအား တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ်ခန့်ထားပေးနိုင်တဲ့ အလုပ်အကိုင် အခွင့်အလမ်းပြပွဲများ (Job Fair) များကိုလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပပြုလုပ် ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)များမှာ နိုင်ငံသားများ အနေနဲ့

ကျွမ်းကျင်အလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက (Focal Ministry) အဖြစ် ဦးဆောင်ပြီးတော့မှ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့ (National Skills Standards Authority-NSSA)ကို ၂၀၀၇ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့မှ နိုင်ငံအဆင့် ကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးပြီးတော့မှ အရည်အချင်း ပြည့်မီတဲ့ပုဂ္ဂိုလ်များအား နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းကို ဂျာမနီနိုင်ငံ (GIZ)နှင့် ဆွစ်ဇာလန်နိုင်ငံ (Swiss Contact)တို့ အကူအညီနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ လုပ်သားဈေးကွက်နဲ့ ကိုက်ညီမယ့် ဦးစားပေး အလုပ်အကိုင်(၂၅)မျိုးကို ရွေးချယ်ပြီးတော့မှ နိုင်ငံအဆင့် ကျွမ်းကျင်မှုစံများကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပြီးတော့မှ ၎င်းတို့အထဲမှ အလုပ်အကိုင်(၁၁)မျိုးအတွက် နိုင်ငံအဆင့် ကျွမ်းကျင်မှုစမ်းသပ်ပေးလျက်ရှိပါတယ်။ ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်မှုနဲ့ ပတ်သက်ပြီးတော့မှ အလျဉ်းသင့်လို့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို တင်ပြရမယ်ဆိုလို့ရှိရင် ဧပြီလမှာ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍမှာ (၈၈၂၁)ဦး နှင့် ပြည်ပအလုပ်အကိုင် (၉၄၃၂)ဦး၊ မေလမှာ ပုဂ္ဂလိကကဏ္ဍမှာ (၁၅၀၇၄)ဦး၊ အစိုးရကဏ္ဍမှာ (၇၀၆)ဦး၊ ပြည်ပအလုပ်အကိုင် စုစုပေါင်း (၁၂၆၇၉)ဦး၊ ဇွန်လမှာ ပုဂ္ဂလိက ကဏ္ဍမှာ(၁၆၉၁၃)ဦးနဲ့ ပြည်ပ အလုပ်အကိုင် (၁၄၈၃၄)ဦး၊ ဇူလိုင်လမှာ ပြည်တွင်းအလုပ်အကိုင် အစိုးရကဏ္ဍမှာ (၁၀၀၇)ဦး၊ ပုဂ္ဂလိကကဏ္ဍမှာ (၁၃၇၁၃)ဦး၊ ပြည်ပအလုပ်အကိုင် (၁၄၂၄၄)ဦး၊ ရှာဖွေပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်း လိုက်ရင် ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ စုစုပေါင်း ပြည်တွင်း အလုပ်အကိုင် (၅၇၂၂၂)ဦးနှင့် ပြည်ပအလုပ်အကိုင် (၅၁၁၈၉)ဦးတို့ကို အလုပ်အကိုင် အခွင့်အလမ်းများရှာဖွေ ပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ အလုပ်လက်မဲ့ ရာခိုင်နှုန်း လျှော့ချရေး၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်းနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီးတော့ အလုပ်လက်မဲ့ ရာခိုင်နှုန်းလျှော့ချရေးအတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင် ဆိုင်ရာမူဝါဒများ ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးမူဝါဒများဆိုင်ရာ ဆောင်ရွက် ချက်များအရ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် အလုပ်သမား ရေးရာ သဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်း များကို ဖော်ထုတ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပပြုလုပ်၍ လည်းကောင်း၊ ပြည်တွင်းအလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်၍ လည်းကောင်း၊ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်း ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မောင်ထန်းကီးဟာ မလေးရှားနိုင်ငံမှာ တာဝန်ထမ်းဆောင်နေစဉ် မှာကုမ္ပဏီရဲ့ မော်တော်ယာဉ်တိုက်မိပြီးတော့မှ သေဆုံးခဲ့တာဖြစ်ပါတယ်။ အာမခံလျော်ကြေးငွေ ရလို

ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မလေးရှားသံရုံးတို့ကို တင်ပြလျှောက်ထားခဲ့ပြီးတော့မှ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ မတ်လအထိ ရရှိခြင်းမရှိသေးတဲ့အတွက် ဖခင်ဖြစ်သူ ဦးမနားထန်းနဲ့ ဆက်သွယ်စုံစမ်း မေးမြန်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံသံရုံး သို့ ပေးပို့ခဲ့ပြီးတော့မှ မြန်မာသံရုံးမှ မလေးရှားနိုင်ငံမှာရှိတဲ့ အလုပ်သမားရေးရာဝန်ကြီးဌာနနဲ့ ဆွေးနွေးညှိနှိုင်းပေးခဲ့ပါတယ်။ လျော်ကြေးငွေ ဆက်ခံပိုင်ခွင့်ရှိသူ ဦးမနားထန်း ရရှိမယ့် လျော်ကြေးငွေ မလေးရှား ရင်းဂစ်(၂၅၀၀၀)ကို မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှာ ထုတ်ယူရေးကို ကျွန်တော်တို့ ဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးလိုက်ပါပြီးတော့မှ ဆောင်ရွက်ပေးခဲ့သော်လည်းပဲ ရရှိခြင်း မရှိကြောင်းသိရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့မှ အလုပ်သမားသံအရာရှိဟာ မလေးရှား နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူနဲ့အတူ ဖြစ်စဥ်နဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ပြီးတော့ မေးမြန်းစုံစမ်းခဲ့ရာ အလုပ်အကိုင်ဌာနမှ မြန်မာနိုင်ငံမှာရှိတဲ့ မလေးရှားသံရုံးသို့ တရားဝင်ပေးပို့ ထားတာ ဖြစ်တဲ့အတွက် လိုအပ်တဲ့စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ထပ်မံသွားရောက် ရန် အကြံပြုခဲ့တဲ့ နောက်ပိုင်းမှာ လျော်ကြေးငွေလွှဲပြောင်းပေးအပ်တဲ့ လုပ်ငန်းစဥ်ပြောင်းလဲသွား ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှာ စိစစ်ထုတ်ပေးခြင်းမပြုတော့ဘဲနဲ့ လျော်ကြေးငွေ ဆက်ခံပိုင်ခွင့် ရှိသူထံ ဘဏ်စနစ်ဖြင့် လွှဲပို့ခြင်းကို မလေးရှားနိုင်ငံက ပြောင်းလဲဆောင်ရွက်ခဲ့တဲ့ အတွက်၊ စနစ်ပြောင်းတဲ့အတွက် ကြန့်ကြာမှုထပ်မံဖြစ်ပွားခဲ့ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်ပေးမှုဟာ အမေရိကန်ဒေါ်လာဖြင့် ပေးပို့ခြင်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ ငွေကြေးဆိုင်ရာ Financial Sanction ရှိနေတဲ့အတွက် အဲဒီကာလများမှာ ငွေကြေး လွှဲပို့ဖို့ အခက်အခဲများ ရှိပြီးတော့မှ ကြန့်ကြာနေတာဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှ ထုတ်ဝေပေးတဲ့ Bank Draft ငွေထုတ်ချက်လက်မှတ်ကို မြန်မာနိုင်ငံဘဏ်မှာ ရှိတဲ့ မလေးရှားဘဏ်နဲ့ ချိတ်ဆက် ဆောင်ရွက်ရာမှာ (၁)လခန့် ကြာမြင့်ခြင်း၊ ကာလကန့်သတ်ချက်ရှိခြင်းတို့ကြောင့် အဆင်မပြေမှု ရှိခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရဘဏ်များအပါအဝင် ပုဂ္ဂလိကဘဏ် များမှာ နိုင်ငံခြားငွေ လုပ်ကိုင်ခွင့်ရရှိခဲ့သည့်အချိန်မှာ မလေးရှားနိုင်ငံဘက်မှ မြန်မာနိုင်ငံနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတဲ့ ဘဏ်များမှတစ်ဆင့် လျော်ကြေးငွေချက်လက်မှတ်များကို အမေရိကန် ဒေါ်လာဖြင့် လွှဲပို့ပေးမည်ဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။

သို့ရာတွင် မြန်မာနိုင်ငံရှိ ဘဏ်များအနေနဲ့ ချက်လက်မှတ်ဖြင့် လက်ခံဆောင်ရွက်ပေးနိုင် ခြင်းမရှိသေးကြောင်း၊ မြန်မာနိုင်ငံရှိ ဘဏ်များမှ ဆောင်ရွက်ပေးနိုင်မည့် Money Express ဖြင့် ငွေလွှဲပို့ခြင်း၊ Telegraphic Transfer တို့ဖြင့် ဆောင်ရွက်လိုကြောင်း မလေးရှားနိုင်ငံ မြန်မာသံရုံးမှ ဆွေးနွေးခဲ့သော်လည်းပဲ မလေးရှားနိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းအရ အလုပ်သမားသံရုံးမှ ဆောင်ရွက်ရန် အခက်အခဲရှိပြီးတော့မှ ကာယကံရှင်မှ ရရှိခြင်း ရှိ/မရှိကိုလည်း မသိရှိနိုင်သဖြင့် မဖြစ်နိုင်ကြောင်း မလေးရှားဘက်က ဖြေကြားပါတယ်။

ယခု လက်ရှိအခြေအနေမှာ မလေးရှားနိုင်ငံမှာရှိတဲ့ အလုပ်သမားဌာနနှင့် မြန်မာနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများအနေနဲ့ လျော်ကြေးငွေ လွှဲပြောင်းပေးနိုင်ရေးအတွက် အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီ ညှိနှိုင်းဆွေးနွေးချက်အရ ဆက်ခံပိုင်ခွင့်ရှိသူဟာ မြန်မာနိုင်ငံမှာရှိတဲ့

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ ကမ္ဘောဇဘဏ်နှင့် Asia Green Development Bank တို့မှ ဘဏ်စာရင်းဖွင့်လှစ်ပြီး ယင်းဘဏ်စာရင်းများသို့ လွှဲပို့နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လျော်ကြေးငွေလွှဲပြောင်းပေးရမယ့် လူဦးရေမှာ (၁၂၅)ဦး အထိ ရှိနေပါတယ်။ ဘဏ်စာရင်းဖြင့် လွှဲပြောင်းပေးနိုင်ရေးကိုလည်းပဲ မြန်မာသံရုံးနဲ့ တစိုက်မတ်မတ် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့လည်း မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် ကွယ်လွန်သွားတဲ့ အလုပ်သမားများရဲ့ ကျန်ရစ်သူ မိသားစုဝင်များအား လျော်ကြေးငွေရရှိနိုင်ရေး မြန်မာသံရုံး ကွာလာလမ်ပူမြို့သို့ ဆွယ်သွယ်ပြီးတော့ အဲဒီကတစ်ဆင့် မလေးရှားနိုင်ငံရဲ့ သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာနသို့ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါတယ်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှာ သေဆုံး သွားကြတဲ့ အလုပ်သမားအချို့ရဲ့ မိသားစုဝင်များမှ ယင်းချက်လက်မှတ်များအား သွားရောက် ထုတ်ယူရာ၌ မြန်မာနိုင်ငံတွင်ထုတ်ယူရရှိနိုင်ခြင်းမရှိသည့် ချက်လက်မှတ်များ ဖြစ်နေသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့ရပါတယ်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာသံရုံး ကွာလာလမ်ပူမြို့သို့ ပြန်လည်ပေးပို့ ခဲ့ပြီးတော့မှ ထိုမှတစ်ဆင့် မလေးရှားနိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ခဲ့ရပါတယ်။ အဲဒီလျော်ကြေးငွေနဲ့ ပတ်သက်ပြီးတော့မှ လျော်ကြေးငွေပေးအပ်နိုင်မယ့် နည်းလမ်းအမျိုးမျိုးကို အကြိမ်ကြိမ်ဆက်လက် ညှိနှိုင်းဆွေးနွေးခဲ့တဲ့အခါမှာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် မလေးရှားအလုပ်သမားဌာနမှ လျော်ကြေးငွေ ပေးအပ်ရန်လျာထားတဲ့ (၁၂၅)ဦးပါဝင်တဲ့ စာရင်းကို ပြန်လည်ပြီးတော့မှ ပေးပို့လာပါတယ်။ အဆိုပါစာရင်းမှာ မောင်ထန်းကီး ရဲ့ အမည်စာရင်းဟာ အမှတ်စဉ်(၆၉)မှာ ပါဝင်ပါတယ်။

သို့ပါ၍ အဆိုပါ (၁၂၅)ဦးအနက် အခြားလျော်ကြေးရရှိမယ့် မိသားစုဝင်များမှ မြန်မာ နိုင်ငံတွင် လျော်ကြေးထုတ်ယူရရှိနိုင်မည့် နည်းလမ်းကို မလေးရှားနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကျန်ရစ်သူမိသားစုဝင်များမှ ရရှိမယ့် လျော်ကြေးငွေများ ပေးအပ်နိုင်ရန်အတွက် ဘဏ်စာရင်းဖွင့်လှစ်၍ ငွေလွှဲရေးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရေးကို နောက်ဆုံးမှာ ညှိနှိုင်းရရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ မောင်ထန်းကီး အပါအဝင် (၁၂၅)ဦးတို့ရဲ့ မိသားစုဝင်များနဲ့ အခြား လျော်ကြေးရမယ့် မိသားစုဝင်များထံသို့ ဘဏ်စာရင်းအမှတ်များဖွင့်လှစ်၍ ပေးပို့ရန် အကြောင်းကြား ထားပြီးဖြစ်ပါတယ်။ မောင်ထန်းကီး လျော်ကြေးရရှိနိုင်ရေးနဲ့ ပတ်သက်ပြီးတော့ ဖခင်ဖြစ်သူ ဦးမနားထန်း မှ ပေးပို့လာတဲ့ ကမ္ဘောဇဘဏ်မှာ ဖွင့်လှစ်ထားတဲ့ ဘဏ်စာရင်းအမှတ်ကိုလည်းပဲ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့သို့ ပေးပို့ထားပြီး တော့မှ မြန်မာသံရုံး၊ ကွာလာလမ်ပူမှ မလေးရှားနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ လျော်ကြေးငွေ ရရှိရေး ဆက်လက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုကဲ့သို့ မလေးရှားနိုင်ငံမှလျော်ကြေးငွေရရှိမှုများ ကြန့်ကြာမှုများဖြစ်ပေါ်ခြင်းသည် လုပ်ငန်းစဉ်ဆောင်ရွက်ချိန်ကြာမြင့်ခြင်း၊ မလေးရှားနိုင်ငံရဲ့ လျော်ကြေးငွေ လွှဲပြောင်းပေးသည့်စနစ်

ပြောင်းလဲခြင်း၊ ယင်းကာလများသည် မြန်မာနိုင်ငံ၏ Financial Sanction ချမှတ်ခံထားရတဲ့ ကာလများဖြစ်ခြင်းနှင့် နှစ်နိုင်ငံအသုံးပြုတဲ့ ဘဏ်စနစ် ကွာခြားမှုရှိခြင်းတို့ကြောင့် ဖြစ်နေသည်ကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လေးစားရပါတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ပရောက် မြန်မာနိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနဲ့ ပတ်သက်ပြီးတော့မှ အလုပ်သမားများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် သက်ဆိုင်ရာ နိုင်ငံများမှာရှိတဲ့ မြန်မာသံရုံးများနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနမှ အလုပ်သမားသံအရာရှိများပူးပေါင်းဆောင်ရွက်ပြီးတော့မှ ကျွန်တော်တို့ အမြဲမပြတ် ဆောင်ရွက် လျက်ရှိပါတယ်။ သံရုံးမရှိတဲ့နိုင်ငံများမှာလည်း သက်ဆိုင်ရာ နိုင်ငံမှာရှိတဲ့ သံရုံးများနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ နိုင်ငံများမှာရှိတဲ့ မြန်မာလူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက် လျက်ရှိပြီးတော့မှ သက်ဆိုင်ရာ နိုင်ငံများနဲ့အညီ ကျွန်တော်တို့ အမြန်ဆုံးထုတ်ယူရရှိရေးကို ဝန်ကြီးဌာနအနေနဲ့ အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက် မြောက် ၃၁-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်လိုအပ်ပါက အနည်းငယ်ပိုပေးရန် ကြိုတင် မေတ္တာရပ်ခံအပ် ပါတယ်။

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များပြဋ္ဌာန်းချက် ပုဒ်မ ၃၅၄ ပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်နဲ့ လက်နက်မပါ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခွင့်ဆိုတဲ့ မူလဘူတအာဏာဖြစ်တဲ့ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်လည်းဖြစ်ပါတယ်။ ငြိမ်းစုစီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ရယူပြီး၍ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့တဲ့အခါမှာ တချို့ပုဒ်မများမှာ တူညီသော သဘောထားများ ရှိသကဲ့သို့ မတူညီသော သဘောထားအချို့ကိုလည်း တွေ့ရပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကြားတွင် ဥပဒေရေးရာအချို့ကိစ္စရပ်များ၌ သဘောထားကွဲလွဲမှုများ ရှိကောင်းရှိနေမည်ဖြစ်ပါတယ်။ သို့ရာတွင် သဘောထားကွဲလွဲမှု အစိတ်အပိုင်းများကို ဘောင်ကျဉ်းနိုင်သမျှကျဉ်းအောင်၊ ကျုံ့နိုင်သမျှကျုံ့အောင် အများပြည်သူအကျိုးအတွက် လိုက်လျောညီထွေစွာ ထိန်းညှိဆောင်ရွက်သွားကြခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်အဆင့် တက်ရောက်သည့်သဘောထား ခံယူသည့်တိုင် ကွဲလွဲတဲ့အချက်များကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်လုပ်ကိုင်သွားကြဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်က အချို့ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းဆိုတဲ့ အချက်များနှင့် ပြန်လည်ပေးပို့ခဲ့ရာမှာ အချို့သော အကြောင်းအရာ အချက်အလက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် လိုက်လျောသဘောတူပေးနိုင်ခဲ့သော်လည်း အချို့အချက်အလက်များကို လိုက်လျောသဘောတူညီမှု ပေးနိုင်မည်မဟုတ်ပါ။ ဥပမာအားဖြင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပါသည်ဟူသော မှတ်ချက်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်ပို့လာတဲ့ ဥပဒေကြမ်းတစ်ခုကိုတော့ လက်ခံနိုင်မယ်မဟုတ်ပါဘူး။ အမျိုးသားလွှတ်တော်မှာ အတည်ပြုထားပြီးသော ပြင်ဆင်ချက်အပိုဒ် ၉(ဈ)မှာ ဖော်ပြထားတဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းတို့ ပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ လက်ခံ၍ ပါဝင်ခြင်း မပြုလုပ်ရဟူသော ပြဋ္ဌာန်းချက်စာပိုဒ်တစ်ခုကို ပြည်သူ့လွှတ်တော်က အဘယ်ကြောင့်ပယ်ဖျက်သင့်ကြောင်း မှတ်ချက်ပြု ပြန်ပို့ထားသည့် ကိစ္စကိုတော့ စဉ်းစား၍ မရနိုင်ပါဘူး။

စုဝေးခြင်းနှင့် စီတန်းလှည့်လှည့်ခြင်းကို ပြုတဲ့အခါမှာ အချို့သူများသည် မိမိတို့၏ လှုံ့ဆော်မှု၊ စည်းရုံးမှု အားကောင်းသည်ကို သက်ဆိုင်ရာအစိုးရဌာနနှင့် လူပုဂ္ဂိုလ်ကို အကြောင်းပြုပြီးတော့ ဆန္ဒထုတ်ဖော်ရာမှာ လူအချို့ကို ငွေကြေးအထောက်အပံ့ပေး၍ စည်းရုံးခေါ်ဆောင်လာမှုများရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအောင်နိုင်ရေးမှာ ငွေဖြုန်းနိုင်တဲ့ နိုင်ငံရေးပါတီကြီးတစ်ခုက လူအင်အားပြပွဲကြီးဖြစ်လာအောင် လူတစ်ဦးလျှင် ငွေ(၃၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်အထိပေး၍ ခေါ်ဆောင်ထားခြင်း၊ လိုက်ပါဆောင်ရွက်ခဲ့ခြင်းများ ရှိခဲ့ဖူးပါတယ်။ ထို့အပြင် ဒံပေါက်၊ ခေါက်ဆွဲထုပ်၊ ဦးထုပ်၊ တီရှပ်၊ အင်္ကျီများပေး၍ အင်အားပြခဲ့ကြပါတယ်။ သာဓကများလည်းရှိပါတယ်။ အစားအသောက်နှင့် တူညီဝတ်စုံပေးခြင်းကို နားလည်မှုပေးနိုင်သော်လည်း ငွေကြေးပေး၍

စည်းရုံးမှုကိုတော့ စည်းရုံးတဲ့ အဖွဲ့အစည်းသိက္ခာကျသလို ငွေလက်ခံယူသူကိုလည်း ယုံကြည်ချက်မရှိတော့ အသပြာအောက်ရောက်သွားရတာပေါ့လို့ အများသူငှာ ရှုတ်ချခြင်းကို ခံရတတ်ပါတယ်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုသည်မှာ လူ့အခွင့်အရေးတန်ဖိုးကို အလေးထားကာမိမိ၏ ယုံကြည်သက်ဝင်တဲ့ တရားမျှတမှု ရရှိရေး၊ နစ်နာမှုတွေဖော်ထုတ်ရေး၊ မတရားတဲ့ဥပဒေကို ပြဋ္ဌာန်းဥပဒေဘောင်အတွင်းက ဖီဆန်ရေးဆိုတဲ့ ဆန္ဒထုတ်ဖော်ရာမှာ စုဝေးချိန်၌ ဖြစ်စေ၊ စီတန်းလှည့်လည်နေချိန်၌ ဖြစ်စေ ထိုသူများကို စေတနာရှင် ပြည်သူများက ရေနှင့် အစားအသောက်များ ပေးဝေမှုတို့ဟာ ငွေဖြုန်းနိုင်တဲ့ နိုင်ငံရေးပါတီကြီးရဲ့ လုပ်နည်းလုပ်ဟန် စေတနာ ပေးပုံပေးနည်းခြင်းတော့ မတူညီနိုင်ဘူးဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

ယနေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ်(၁၃)မှာ ကျောက်တန်းမြို့နယ်အတွင်းမှာ ရှိတဲ့ မဲရုံတစ်ရုံမှာ NLD ပါတီဝင်တစ်ဦးက မဲရုံမှူးနဲ့တကွ မဲရုံအတွင်းတာဝန်ယူလုပ်ကိုင်နေကြသူ မည်သူမဆို စားသောက်နိုင်ဖို့အတွက် မဲရုံအဝမှာ ရေဘူးနဲ့ အစားအသောက်များ လာရောက်ချပေးပြီး ပြန်သွားခဲ့တာကို NLD အနိုင်ရရေး အတွက် စည်းရုံးပါတယ်။ လာဘ်ပေးလာဘ်ယူ လုပ်ပါတယ်ဆိုပြီး ရှုံးသူဘက်က စွပ်စွဲချက်တွေကို ရှေ့နေတစ်ဦးအနေနဲ့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုတဲ့ လွှတ်တော်နိုင်ငံရေးမှ သဘောထားကွဲလွဲမှုဆိုတာ ရံဖန်ရံခါ ပေါ်ပေါက်လာတတ်ပါတယ်။ သဘောထားကွဲလွဲမှုတိုင်းကို ဆန့်ကျင်ဘက်ရန်သူအမြင်ရှိနေတယ်လို့ တထစ်ချမှတ်ယူထားလို့ မရပါဘူး။ အဲဒီလိုအခါမျိုးမှာ ညှိနှိုင်းဖြေရှင်းလိုတဲ့ ယဉ်ကျေးမှု(Compromise Culture)တစ်ရပ်ကို နှစ်ဖက်စလုံးက လက်ခံယုံကြည်ထားကြရင် သဘောထားကွဲလွဲမှုဆိုတဲ့အမြင်ဟာ ဖြေလျှော့သွားနိုင်မယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကို ပြုတဲ့အခါ သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ လက်ခံပါဝင်ခြင်းတို့ မပြုလုပ်ရဟု အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက် ကို ဆက်လက်အတည်ပြုထားသင့်ပါကြောင်း တင်ပြ၍ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)။** ။
လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကင်းပြီးတော့ မိမိတို့ကျန်းမာစေကြောင်း ဆုမွန်တောင်းပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (ခ) ဦးမောင်စိုး ဖြစ်ပါတယ်။

အခုကျွန်တော် ဆွေးနွေးမှာကတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်၊ အတည်ပြုချက်နဲ့ ပေးပို့လာတဲ့ မြေမြင့်ချမ်းစွာစုဝေးခြင်းနှင့် မြေမြင့်ချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီဥပဒေက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားဝင်ပေးအပ်ထားတဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ပေးထားတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားတွေနဲ့ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက်လည်း ဒီဥပဒေကိုပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ချက် အနေနဲ့ အဆိုပြုချက်အတိုင်း(၇)ခု၊ ပြင်ဆင်ချက်(၂၄)ခုနဲ့ ပယ်ဖျက်ချက်(၁)ခုနဲ့ အသစ်ဖြည့်စွက်ချက်(၁)ခုတို့ စုစုပေါင်း(၃၃)ချက်တို့ ပါဝင်ပါတယ်။ ဒီထဲမှာ ကျွန်တော်အခန်း(၅)နဲ့ အပိုဒ် ၇ (ခ)ကို ပထမဦးစွာ ဆွေးနွေးသွားပါမယ်။ အခန်း(၅) ၇(ခ)က ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုပြဋ္ဌာန်းချက်ထဲမှာက ခွင့်ပြုထားသောစုဝေးသည့်နေရာ (သို့မဟုတ်) စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်စေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့်အပြုအမူများ မပြုလုပ်ရဆိုပြီးတော့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေကြမ်းအပိုဒ်မှာ ပြည်သူပိုင်ပစ္စည်း၊ Power Point သုံးခွင့်ပြုပါခင်ဗျား။

ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းများ ထိခိုက်စေမည့် အပြုအမူဆိုတဲ့ စကားရပ်ဟာ ဒီဟာကိုထည့်သွင်းထားတာရှိပါတယ်။ ဒီစကားရပ်ရဲ့ ဒီဥပဒေဟာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွေနဲ့ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ၆၁ ပုဒ်မ ဟာ တည်ဆဲဥပဒေရှိတဲ့အတွက် ဒီမြေမြင့်စီဥပဒေမှာ ထည့်သွင်းခြင်းအားဖြင့် မူလဥပဒေကို အနှောင့်အယှက်၊ အကာအကွယ်၊ မူလဥပဒေကို ထိခိုက်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူပိုင်ပစ္စည်းကာကွယ်တဲ့ အက်ဥပဒေက ပြည်သူပိုင်ပစ္စည်းများနဲ့ အများပိုင်ပစ္စည်းများကို ဖျက်ဆီးဖျောက်ဖျက်ချိုးဖောက်သူတွေဟာ ပြစ်ဒဏ်အနေနဲ့ သတ်မှတ်ထားကာ(၇)နှစ်၊(၆)နှစ်ထိကို ချမှတ်ထားလို့ရပါတယ်။ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒီ မြေမြင့်စီဥပဒေမှာကတော့ ဒီဥပဒေကို၊ ဒီပုဒ်မကို ကျူးလွန်ဖောက်ဖျက်တဲ့သူဟာ(၃)လထက် ကျော်လွန်တဲ့ဥပဒေကို ချမှတ်ခွင့်မရှိတဲ့အတွက် မူလဥပဒေကို ထိခိုက်နိုင်တဲ့အတွက် ဒီစကားရပ်ကို ပယ်ဖျက်ဖို့ ကျွန်တော်တိုက်တွန်းပါတယ်။ ကျွန်တော် ဒါဆွေးနွေးတာ ဖြစ်ပါတယ်။

နောက် ဒုတိယအနေနဲ့က ၉(ဈ) ပဲခူးတိုင်းဒေသကြီး ဦးအောင်သိန်း ဆွေးနွေးသွားတဲ့ ၉(ဈ) ဖြစ်ပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ၉(ဈ) ဥပဒေက ဒီပုဒ်မက ဒီဥပဒေရဲ့အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုလို့ ခုန ဦးအောင်သိန်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်အေးချမ်းသာယာရေးတို့ကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့လူတွေဟာ ဆင်းရဲတဲ့လူတွေကို ငွေကြေးနဲ့ပေးပြီးတော့ ဆန္ဒမပါတဲ့ ဆန္ဒထုတ်ဖော်ခြင်းတွေနဲ့ မရိုးဖြောင့်တဲ့သဘောနဲ့ နိုင်ငံတော်နဲ့ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး၊ ဘာသာရေးကိုဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်အောင်ပြုလုပ်နိုင်တဲ့အတွက် ဒါတားမြစ်ထားတဲ့ ပုဒ်မတစ်ခုဖြစ်တဲ့အတွက် ဒါဟာပယ်ဖျက်ထားတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ ဒါဟာ ကန့်ကွက်ပြီးတော့၊ ပဲခူးတိုင်းဒေသကြီး ဦးအောင်သိန်းရဲ့ အဆိုပြုချက်ကို ထောက်ခံကြောင်း ကျွန်တော်ဆွေးနွေးပါတယ်။

နောက်တစ်ခုက အခန်း(၅) ရဲ့ ပုဒ်မ ၁၀ (ည) ဖြစ်ပါတယ်။ ပုဒ်မ ၁၀ (ည) မှာ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတာကတော့ ဤဥပဒေပါ စည်းကမ်းချက်နဲ့ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်များအရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်း မပြုရဆိုတဲ့ နေရာမှာ စပ်လျဉ်းသည့် ညှိနှိုင်းသည့် သဘောတူညီချက်ဆိုတဲ့ စကားရပ်ဟာ အင်မတန် ရှုပ်ထွေးဖွယ်ရာ ဖြစ်ပါတယ်။ အငြင်းပွားဖွယ်ရာလည်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရှေ့မှာ စည်းကမ်းချက်များနှင့်ဆိုတဲ့ဟာ အခန်း(၅)တစ်ခုလုံးမှာရှိတဲ့ ပုဒ်မခွဲငယ်(၁၃)ခုနဲ့ ပုဒ်မကြီး(၄)ခုပါဝင်မှာဖြစ်တယ်။ ဒါကိုလည်း ကြိုတင်လက်မှတ်ထိုးပြီးသားဖြစ်ပါတယ်။ နောက်ပြီးတော့ ကြိုတင်သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကိုလည်း လက်မှတ်ထိုးပြီးမှ ဒါက ခွင့်ပြုထားတာဖြစ်တဲ့အတွက် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ဆိုတဲ့ စကားရပ်ဟာ ထည့်သွင်းခြင်းမပြုလို့ရပါပြီ။ ဒါကြောင့်မို့ ဒီဥပဒေမှာ ကျင့်သုံးထားတဲ့ ဒီပုဒ်မမှာ ကျင့်သုံးထားတဲ့ စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ဆိုတာကို ပယ်ဖျက်ဖို့ ကျွန်တော်ဆွေးနွေးတာ ဖြစ်ပါတယ်။

နောက်တစ်ခုက အခန်း(၅)ရဲ့ ၁၁(ဂ) ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒါဟာပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ဖျက်ဆီးစေမည့် အပြုအမူများ မပြုလုပ်ရဆိုတဲ့ဟာ ပယ်ဖျက်သင့်ပါတယ်။ အရှေ့မှာလည်း ကျွန်တော် အကျိုးအကြောင်းဖော်ပြထားပြီးဖြစ်တဲ့အတွက် ဒီပုဒ်မက အသစ်ဖြည့်စွက်ထားတဲ့ပုဒ်မဟာ ပယ်ဖျက်သင့်ပါတယ်လို့ ကျွန်တော်ဆွေးနွေးပါတယ်။ နောက်တစ်ခုက အခန်း(၅)ရဲ့ ပုဒ်မ ၁၂ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခြင်းဆိုင်ရာ အဲဒီထဲမှာ စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက် ဆိုတာ ပြန်လည်အသုံးပြုထားတာဖြစ်တဲ့အတွက် ကျွန်တော် ခုနတုန်းက ဆွေးနွေးထားပြီးဖြစ်တဲ့အတွက် ဒီစပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ကို ဒီမှာ ပယ်ဖျက်ပေးဖို့ ကျွန်တော် ဆွေးနွေးတာဖြစ်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၁၄၊ ပြည်သူ့လွှတ်တော်က ဒီ စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ဆိုတာလည်း ပြန်လည်သုံးစွဲထားတာဖြစ်တဲ့အတွက် ဒီ စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူ

ညီချက်ကို ပယ်ဖျက်ပေးဖို့ပြောရင်းနဲ့ပဲ ကျွန်တော့် ဆွေးနွေးခြင်းကို နောက်ဆုံး နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အခမ်းအနားမှူးကြီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အဆိုပြုပြင်ဆင်ချက်၊ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဇယားကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ နံပါတ်(၁)အနေနဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)နဲ့(ဆ)မှာ ပြည်သူ့လွှတ်တော်က အဆိုပြုပြင်ဆင်ချက်အတိုင်းလို့ရေးထားပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုပြင်ဆင်ချက်မှာ ပိုစတာတို့၊ စည်းကမ်းမှာ ဆိုင်းဘုတ်ဆိုသည်မှာဆိုတာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုဖြစ်စေသော ဆိုတဲ့နေရာမှာ ကျွန်တော်က လူတစ်ဦးတစ်ယောက်၏ အသရေအစား ဂုဏ်သိက္ခာလို့ သုံးစွဲလိုပါတယ်။ အသရေတို့၊ ကျက်သရေတို့ဆိုတာ ရုပ်ပိုင်းဆိုင်ရာ လှပတင့်တယ်မှုကိုဆိုလိုပြီးတော့ ဂုဏ်သိက္ခာကတော့ စွမ်းရည်ဆိုင်ရာ အရည်အချင်းကို ဖော်ပြလို့ပဲဖြစ်ပါတယ်။

နံပါတ်(၂)အနေနဲ့ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)မှာလည်း ခုနက တနင်္သာရီက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးသိန်း လည်းပြောသွားပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်ဆိုပြီး ရေးထားတဲ့အထဲမှာ စည်းကမ်းချက်များနှင့် စည်းကမ်းချက်များနှင့် ဆိုပြီး "နှင့်" နှစ်ကြိမ်ပါတဲ့အတွက်ကြောင့် ရှေ့က"နှင့်"ကို ဖြုတ်သင့်ပါတယ်။ ရှေ့က"နှင့်"ကိုမဖြုတ်ဘဲနဲ့နောက်က"နှင့်"ကိုသုံးရင်တော့ဒေသဆိုင်ရာ လိုအပ်ချက်နဲ့အညီ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များအရ ညှိနှိုင်းသဘောတူညီချက်ဟု ပြောင်းလဲသုံးနိုင်ပါတယ်။

နံပါတ်(၃)အနေနဲ့ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)မှာ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုဇယားမှာ ယာဉ်များနှင့် လမ်းသွားလမ်းလာများပြည်သူများကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တမင်တားဆီးပိတ်ဆို့ခြင်းမပြုလုပ်ရဆိုပြီး ရေးသားထားတာကို တမင်ဆိုတာ စကားပြောအသုံးအနှုန်း

ဖြစ်တဲ့အတွက်ကြောင့် အကြောင်းမဲ့ တားဆီးပိတ်ဆို့ခြင်းမပြုရလို့ပြင်ဆင်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ နံပါတ်(၄)အနေနဲ့ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)မှာ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဇယားမှာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များ အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြား ကြွေးကြော်ခြင်းသော်လည်းကောင်း မပြုလုပ်ရဆိုပြီးတော့ရေးသားထားကို လက်ကိုင်အသံချဲ့စက်မှ အပ အခြားအသံချဲ့စက်အသုံးပြုခြင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြား ကြွေးကြော်ခြင်းမပြုရလို့ ပြင်ဆင်လိုပါတယ်။

နံပါတ်(၅)အနေနဲ့ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)မှာ ခုနက ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလည်း တင်ပြသွားပါတယ်။ ပြည်သူ့လွှတ်တော်က ပယ်ဖျက် ထားတဲ့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည် ခြင်းကိုပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင် စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာလက်ခံ၍ ပါဝင်စေခြင်းတို့ မပြုလုပ်ရဆိုတဲ့နေရာမှာ ငွေကြေး သို့မဟုတ် လာဘ်ပစ္စည်းတစ်စုံတစ်ရာပေး၍သော်လည်းကောင်း၊ လက်ခံ၍သော်လည်းကောင်း ပါဝင် စေခြင်းတို့မပြုလုပ်ရလို့ ပြန်လည်ထည့်သွင်းစေလိုပါတယ်။

နံပါတ်(၆)အနေနဲ့ ပုဒ်မ ၉၊ ပုဒ်မခွဲ(ည)မှာလည်း အမျိုးသားလွှတ်တော်၏အတည်ပြုချက် အတိုင်းမှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးက ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့မပြုလုပ်ရ နေရာမှာ သူတစ်ဦးဦးအား ပါဝင်စေရန်သော်လည်းကောင်း၊ မပါဝင်စေရန်သော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ မလျော်သြဇာသုံးခြင်းတို့မပြုလုပ်ရဆိုပြီးတော့ ထပ်မံဖြည့်စွက်ပြီးပြန်လည် ထည့်သွင်းစေလိုပါတယ်။

နံပါတ်(၇)အနေနဲ့ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ည)မှာ ပြည်သူ့လွှတ်တော်က အတည်ပြုချက်ဇယားမှာ ဤဥပဒေပါစည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာ လိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူ ညီချက်များကို ဖောက်ဖျက်ခြင်းမပြုရမှာလည်းပဲ ပထမ "နှင့်"ကို ဖြုတ်ချင်ဖြုတ်၊ မဖြုတ်ချင်လို့ ဒုတိယ "နှင့်"ကို သုံးမယ်ဆိုရင် ဤဥပဒေပါစည်းကမ်းချက်များနှင့်တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ က ဒေသဆိုင်ရာ လိုအပ်ချက်နှင့်အညီ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များအရ ညှိနှိုင်း သဘောတူညီချက်များကို ဖောက်ဖျက်ခြင်းမပြုရဟု ပြင်ဆင်ရန်အကြံပြုအပ်ပါတယ်။

နံပါတ်(၈)အနေနဲ့ ပုဒ်မ ၁၃ မှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဇယားမှာ ငြိမ်းချမ်းစွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဆောင်ရွက်နေသူတို့အား နှောင့်ယှက် ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ဟန့်တားခြင်းမပြုနိုင်ရန်သော်လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန်သော် လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ် စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်မှာ စိတ်ငြိုငြင်ခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်

အထက်ပြုခြင်းတို့ကို ပယ်ဖျက်စေလိုပါတယ်။ စိတ်ငြိုငြင်ခြင်းဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ ခံစားမှု ဖြစ်၍ အခြားသူများမသိနိုင်ခြင်း၊ လက်ရောက်ကျူးလွန်ခြင်းနှင့် အနိုင်အထက်ပြုခြင်းတို့မှာ မူလပါပြီး စာသားတွင် အကျုံးဝင်ပြီး ဖြစ်လို့ဖြစ်ပါတယ်။

နံပါတ်(၉)အနေနဲ့ ပုဒ်မ ၁၇၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ဇယားမှာ အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်း ကတ္တားပုဒ်ကို ရွှေ့မှာထားပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုသည့် မည်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုသည့်နေရာတွင် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောလျင်စွာအရေးယူဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

နံပါတ်(၁၀)အနေနဲ့ ပုဒ်မ ၂၅ မှာလည်း ပြည်သူ့လွှတ်တော်အတည်ပြုချက်ဇယားကို ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ပုဒ်မ ၄ အရ အသိပေးတင်ပြပြီးသူသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက ထိုသို့တင်ပြပြီး (၂၄)နာရီအတွင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ပြန်လည် အသိပေးတင်ပြရမည်ဟု ပြန်လည် နဂိုအတိုင်းထားစေချင်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ တင်ပြချက် မှာ ဆောလျင်စွာဆိုပြီးတော့ ထားတာက အချိန်မတိကျဘဲ အမျိုးသားလွှတ်တော်ရဲ့ (၂၄)နာရီ အတွင်းက အချိန်တိကျလို့ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကြွရောက်လာကြသော ဧည့်သည် တော်များကို မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ဇယားပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည် ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဟာဆိုရင် ဥပဒေရဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံသားတွေရဲ့ မိမိရဲ့ဆန္ဒကို ငြိမ်းချမ်းစွာထုတ်ဖော်လိုသူ နိုင်ငံသားတွေရဲ့ အခြေခံဥပဒေပါ အခွင့်အရေးတွေကို နိုင်ငံတော်နဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းတွေက ကာကွယ်စောင့်ရှောက်ပေးဖို့သာ ဖြစ်ပါတယ်။ ဒါမှ မဟုတ်ဘဲနဲ့ နိုင်ငံသားတွေရဲ့ အခြေခံဥပဒေပါအခွင့်အရေးကို ကန့်သတ်ဖို့၊ ဖိနှိပ်ချုပ်ချယ်ဖို့ သဘောမျိုး၊ ဒါမှမဟုတ်လို့ရှိရင် ဒီအခွင့်အရေးတွေကို နိုင်ငံသားတွေ အပြည့်အဝခံစားရရှိဖို့ မလွယ်ကူအောင် တားဆီးနှောင့်ယှက်တဲ့သဘောမျိုးမဖြစ်ရပါဘူး။ အဲဒီအခြေခံသဘောအပေါ်မှာ ကျွန်မဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်မဆွေးနွေးမယ့်အချက်တွေကလည်း ကျွန်မရှေ့က ကိုယ်စားလှယ်တွေတော်တော်များများ ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက်ကြောင့် အချက်(၂)ချက်ကိုပဲ ကျွန်မဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ပေးပို့တဲ့ဇယား အခန်း(၇) အပိုဒ် ၂၀ ကျွန်မတို့ စာတိုင်မှာဆိုရင် (၄၉) ဖြစ်ပါတယ်။ အဲဒီမှာကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုဖောက်ဖျက်ကျူးလွန်သည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။ သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက တရားစွဲဆိုခွင့်မရှိစေရ။ အဲဒီမှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဇယားမှာတော့ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုဖောက်ဖျက်ကျူးလွန်သည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်ဆိုတာပဲ ပါပါတယ်။ ဒီဟာကို ကျွန်မ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းသာ ထားလိုပါတယ်။

လွန်ခဲ့တဲ့ အဖြစ်အပျက်တွေအရဆိုလို့ရှိရင် ဒီပြည်သူတွေဟာ သူတို့ဆန္ဒထုတ်ဖော်ကြတယ်။ ဆန္ဒထုတ်ဖော်မှုကလည်း ပြီးသွားပြီ။ အားလုံး အေးအေးဆေးဆေးဖြစ်သွားပြီဆိုတဲ့အချိန်မှာ (၆)လတန်သည်(၁)နှစ်တန်သည်ကြာတော့မှ ပြန်လည်ပြီးတော့ တရားစွဲဆိုခြင်းကိုလည်း ခံရတာမျိုးကို အကြိမ်များစွာတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မ ဒီနောက်ကြောင်းပြန်ပြီးတော့ ပြန်လည်ပြီးတော့ တရားစွဲဆိုခြင်း မပြုနိုင်ရန်အတွက် သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက တရားစွဲဆိုခွင့်မရှိစေရဆိုတဲ့အချက်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကို ဆက်လက်ပြီးတော့ အတည်ပြုပြဋ္ဌာန်းစေလိုပါတယ်။

နောက်တစ်ချက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ်(၂၃)ပေါ့။ ကျွန်မတို့ဒီ စာတိုင်မှာဆိုရင် အမှတ်(၅၂)ဖြစ်ပါတယ်။ ပုဒ်မ ၃ အရ အသိပေးတင်ပြပြီး သူသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း(သို့မဟုတ်) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက ထိုသို့တင်ပြပြီး (၂၄)နာရီအတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိပေးတင်ပြရမည်။ အဲဒါဟာဆိုလို့ရှိရင် ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ချက်ဇယားမှာတော့ ဒီ (၂၄)နာရီဆိုတာမပါဘဲနဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းမပြုလုပ်လိုပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆောလျင်စွာ အသိပေးတင်ပြရမည်ဆိုတာပဲ ပါ ပါတယ်။

ကျွန်မကတော့ ဒီအမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အချိန်အတိအကျ (၂၄)နာရီအတွင်းကိုပဲ ကျွန်မ က အတည်ပြုပေးစေလိုပါတယ်။ ဆောလျင်စွာဆိုတာ အချိန်သတ်မှတ်ချက်မရှိတဲ့အတွက်ကြောင့် နှစ်ဦးနှစ်ဖက်က အငြင်းပွားမှုဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ (၂၄)နာရီအတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်အသိပေးတင်ပြရမည် ဆိုတာကိုပဲ အတည်ပြုပေးဖို့ ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။ ဒီငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ပုဒ်မ ၁၈ ရဲ့ရည်ရွယ်ချက်က ဒီနိုင်ငံသားတွေရဲ့အခြေခံ ဥပဒေပါအခွင့်အရေးကို ကန့်သတ်ထိပါးခြင်းမရှိဘဲနဲ့ ကာကွယ်စောင့်ရှောက်ပေးဖို့ဖြစ်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ အရင်ကဆိုလို့ရှိရင် ကာကွယ်ပေးဖို့နေနေသာသာ ငြိမ်းချမ်းစွာစုဝေးဆန္ဒထုတ်ဖော်တဲ့ လူတွေအတွက်ကို ပြစ်ဒဏ်တွေ ထပ်ကာထပ်ကာ ချမှတ်ပြီးတော့ နှိပ်ကွပ်နေသလိုဖြစ်ပါတယ်။ အခု

ဒီမိုကရေစီအစိုးရလက်ထက်မှာဆိုရင်တော့ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြတဲ့လူတွေကို၊ ဆန္ဒထုတ်ဖော်တဲ့ လူတွေကို အနှောင့်အယှက်ပေးလာမယ့် ကိစ္စရပ်တွေပေါ်မှာသာလျှင် လိုအပ်ရင် လိုအပ်သလို ကာကွယ်ပေးဖို့အထိပဲ စဉ်းစားဖော်ဆောင်ဖို့အတွက် တိုက်တွန်းရင်းနဲ့ ကျွန်မရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၁း၁၈ နာရီအချိန်တွင် ရပ်နားပါသည်။]